မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း – ၂၅၂၇၅၆။

စာအမှတ်၊ ရက-၇/မ-၁၂၀/၂၀၀၀ (၂၈၁၄)

ရက်စွဲ၊ ၂၀၀၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်။

အကြောင်းအရာ။ ဖျာပုံပင်လယ်ကူး ပိုက်ကုမ္ပဏီလီမိတက်၏ ရင်းနှီးမြှုပ်နှံမှု ထပ်မံတိုးချဲ့ခွင့်ပြုရန် တင်ပြလာခြင်းကိစ္စ။

ရည်ညွှန်းချက်။ ဖျာပုံပင်လယ်ကူးပိုက်ကုမ္ပဏီလီမိတက်၏ ၂၀-၁၁-၂၀၀၀ ရက်စွဲပါစာအမှတ်၊ ၃၀/အဝရ/မနသ ၂၀၀၀။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဖျာပုံပင်လယ်ကူးပိုက်ကုမ္ပဏီလီမိတက်မှ ရည်ညွှန်းပါစာဖြင့်တင်ပြချက်ကို ၇-၁၂-၂၀၀၀ ရက်နေ့တွင်ကျင်းပသော ကော်မရှင်၏ (၄၀/၂၀၀၀) အစည်းအဝေးသို့တင်ပြခဲ့ရာ ကော်မရှင်အစည်းအဝေးမှ ဖျာပုံပင်လယ်ကူးပိုက်ကုမ္ပဏီလီမိတက်၏ ရင်းနှီးမြှုပ်နှံမှုကို ၅၀.၅ ရသန်းမှ ကျပ် ၆၃.၇ ရသန်းသို့ တိုးမြှင့်ခြင်းကို ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကော်မရှင်၏ဆုံးဖြတ်ချက်ကိုသိရှိနိုင်ပါရန်နှင့် ရှေ့ပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ ပြောင်းလဲခြင်းကို ခွင့်ပြုမိန့်တွင်ပြင်ဆင်ရန်အတွက် ခွင့်ပြုမိန့်မူရင်းကို ကော်မရှင်ရုံးသို့ ပြန်လည်ပေးပို့ရန် အကြောင်းကြားပါသည်။

အမိန့်အရ –

(သိန်းတင်)
ဒုတိယညွှန်ကြားရေးမှူးချုပ်။

မန်နေဂျင်းဒါရိုက်တာ
ဖျာပုံပင်လယ်ကူး ပိုက်ကုမ္ပဏီလီမိတက်။

မိတ္တူကို – (၁) ရုံးလက်ခံ
(၂) မျှောစာတွဲ။

* ကျော်၁၈၁၂၂၀၀၀။

ဖြန့်ဝေခြင်း–

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ ဧရာဝတီတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၄။ အစိုးရအဖွဲ့ရုံး။
၅။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။
၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၀။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၁။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၂။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၃။ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန။
၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမှတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။
၁၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၅။ ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်း ဦးစီးဌာန။
၂၆။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ - ၃၆၉/၂၀၀၀   ၂၀၀၀ ပြည့်နှစ်၊ ဧပြီ လ ၂၀ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦး တင်အေး

(ခ) အဘအမည် ဦး မောင်တန်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၄/ဖပန(နိုင်) ၀၁၁၃၇၁

(ဃ) နေရပ်လိပ်စာ ၄၇၊ သီရိတခွန်လမ်း၊ ၁၆ရပ်ကွက်၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း ဖျာပုံပင်လယ်ကျား ပိုက် ကုမ္ပဏီလီမိတက် (Phyar Poun Pinle Kyar Pike Co., Ltd)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ငါး ပုစွန်များ အခြေခံ၍ ကုန်ချောထုတ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ဦးပိုင်အမှတ် (၃၇/၁၇) အုန်းပင်ခနိကွန်းကွင်း၊ ကွင်းအမှတ် (၄၅၂-စီ) ချောင်းတွင်းကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) (၆၃.၇၇) ~~(၅၃.၇၇)~~ သန်း ~~(ကျပ်သန်း ငါးဆယ့်နှင့် ငါးထိန်း ခုနစ်သောင်းခုနစ်)~~ (ကျပ်ခြောက်ဆယ့်သုံး သန်း နှင့် ခုနစ်သိန်း ခုနစ်သောင်းတိတိ)

(၂၂-၂-၂၀၀၀) နေ့တွင် ရင်းပ သော ကော်မရှင် (၄၀/၂၀၀၀) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြင်ဆင်သည်။

[signature] ၂၂.၂.၂၀၀၁

(ဦးသောင်း)
ဥက္ကဋ္ဌ

[signature]

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01-282101 တယ်လီဖုန်း - ၂၇၂၈၁၂၊ ၂၇၂၁၁၉၊ ၂၇၂၃၉၁။

စာအမှတ်၊ ရက-၁/မ-၅၃၇/၂၀၀၀ (၃၇ ၂၉-၄)
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်။

အကြောင်းအရာ။ <u>ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်၏ ခွင့်ပြုမိန့် (မူရင်း)တွင် ရင်းနှီးမြှုပ်နှံမှု ထပ်မံတိုးမြှင့် ခွင့်ပြုပါရန်နှင့် တင်ပြလာခြင်းကိစ္စ။</u>

ရည် ညွှန်း ချက်။ ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်၏ (၁၅-၁-၂၀၀၁) ရက်စွဲပါစာအမှတ်၊ ၄၇/အစရ/၂၀၀၁/မနသ။

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၇-၁၂-၂၀၀၀) နေ့တွင် ကျင်းပသော (၄၀/၂၀၀၀) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်၏ ရင်းနှီးမြှုပ်နှံမှု ပမာဏအား ကျပ်(၅၀.၅၇)သိန်း (ကျပ်သိန်း ငါးဆယ်နှင့် ငါးသိန်းခုနစ်သောင်းခန့်)မှ ကျပ်(၆၃.၇၇)သိန်း (ကျပ်ခြောက်ဆယ့်သုံးသိန်းနှင့် ခုနစ်သိန်း ခုနစ်သောင်း တိတိ)သို့ တိုးမြှင့်ခြင်းကို ခွင့်ပြုလိုက်သည်။

၂။ အထက်ပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးခဲ့သော(၂၀-၄-၂၀၀၀) ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် မနသ-၃၆၉/၂၀၀၀တွင် မတည်ငွေရင်း ပမာဏကို ကျပ် (၆၃.၇၇) သန်း (ကျပ်ခြောက်ဆယ့် သုံးသန်းနှင့် ခုနစ်သိန်း ခုနစ်သောင်းတိတိ) သို့ ပြင်ဆင်ပြောင်းလဲလိုက်သည်။

၃။ ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်သည် လုပ်ငန်းဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များအဖြစ် ထားရှိ ဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၄။ ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပြန်ထားသည့် (၂၀-၄-၂၀၀၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈၉/၂၀၀၀(မနသ)ပါ စည်းမျဉ်းစည်းကမ်းများ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဦးသောင်း)
ဥက္ကဋ္ဌ

<u>မန်နေဂျင်း ဒါရိုက်တာ</u>
<u>ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်</u>

PYAPON PANLE KYAR PIKE CO., LTD.

CHAN MYACE AYAR COLD STORE FACTORY

Chaun Twin Village, Pyapon Township, Pyapon District, Myanmar. ☎ : 0095 - 45 - 21183

စာအမှတ်၊ ၄၆/အစရ/မနသ/၂၀၀၁
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဇန္နဝါရီလ (၁၅) ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

အကြောင်းအရာ။ ။**ကုမ္ပဏီလုပ်ငန်းများစီးပွားဖြစ်ဆောင်ရွက်နေကြောင်းအစီရင်ခံခြင်း။**

ရည်ညွှန်းချက်။ ။၁။ မနသပုံစံ (၁) အမှတ်စဉ် (၉) လုပ်ငန်းစီးပွားဖြစ်စတင်ဆောင်ရွက်ခြင်း

၂။ ဤစက်ရုံ၏ (၂၁-၁၁-၂၀၀၀) နေ့စွဲပါ စာအမှတ်-၃၉/အစရ/၂၀၀၀

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာ အုပ်စု၊ ကွင်းအမှတ် (၄၅၂. စီ) အုန်းပင်ခနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇နှင့် N /၃၁၊ ဧရိယာ (၂. ၅၉) ဧကမြေပေါ်တွင် တည်ဆောက်ထားသော ဖျာပုံပင်လယ်ကျားပိုက်ကုမ္ပဏီပိုင် ချမ်းမြေ့ဧရာအအေးခန်းစက်ရုံကို တည်ဆောက်လျှက် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံလုပ်ငန်းအမျိုးအစားဖြစ်သော ငါး/ပုစွန်များကို အခဲခံ၍ ကုန်ချောထုတ်လုပ်ခြင်းအဖြစ် ဆောင်ရွက်လျှက်ရှိပါသည်။

ထိုသို့ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက် (၁) အရ အစီရင်ခံရန်တောင်းဆိုလာသဖြင့် စက်ရုံမှ (၂၁-၁၁-၂၀၀၀) နေ့စွဲပါ စာအမှတ် (၃၉/အစရ/၂၀၀၀) ဖြင့် စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ကို (၈-၉-၂၀၀၀) ဟုဖော်ပြခဲ့ပါသည်။ ယင်းသို့မှားယွင်းဖော်ပြခဲ့ခြင်းမှာ လုပ်ငန်းရာသီချိန်ဖြစ်သော စက်တင်ဘာလနှင့် တူညီနေခြင်းကြောင့် ယခုကဲ့သို့မှားယွင်းဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဖျာပုံပင်လယ်ကျားပိုက်ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က (၂၀-၄-၂၀၀၀) နေ့စွဲပါ ခွင့်ပြုမိန့်အမှတ် မနသ-၃၆၉/၂၀၀၀ ဖြင့် ခွင့်ပြုမိန့်ရရှိခဲ့ပြီးဖြစ်၍ ရည်ညွှန်းချက် (၂) ဖြင့်ပေးပို့ခဲ့သော မနသပုံစံ (၁) အမှတ်စဉ် (၉) လုပ်ငန်းစီးပွားဖြစ်ဆောင်ရွက်သည့်နေ့စွဲကို ခွင့်ပြုမိန့်နေ့စွဲ (၂၀-၄-၂၀၀၀) အဖြစ် သတ်မှတ် ထည့်သွင်းခွင့်ပြုပေးပါရန် ယခုအစီရင်ခံစာနှင့်အတူ မနသ ပုံစံ (၁) ကို ပူးတွဲပေးပို့ အစီရင်ခံအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာ
ဖျာပုံပင်လယ်ကျားပိုက်ကုမ္ပဏီလီမိတက်
ဖျာပုံမြို့။

PYAPON PANLE KYAR PIKE CO., LTD.

CHAN MYACE AYAR COLD STORE FACTORY

Chaun Twin Village, Pyapon Township, Pyapon District, Myanmar. ☎ : 0095 - 45 - 21183

စာအမှတ်၊ ၃၉ / အစရ / မနသ / ၂၀၀၀
ရက်စွဲ-၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၁) ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

အကြောင်းအရာ။ ။<u>ကုမ္ပဏီလုပ်ငန်းများစီးပွားဖြစ်ဆောင်ရွက်နေကြောင်းအစီရင်ခံခြင်း။</u>

ရည်ညွှန်းချက် ။ ။မနသပုံစံ (၁) အမှတ်စဉ် (၉) လုပ်ငန်းစီးပွားဖြစ်
စတင်ဆောင်ရွက်ခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၅၂) စီ၊ အုန်းပင်ခနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇ နှင့် /၃၁ ဧရိယာဧက (၂. ၅၉) ဧက မြေပေါ်တွင် တည်ဆောက်ထားသော ဖျာပုံ ပင်လယ်ကျားပိုက်ကုမ္ပဏီပိုင် ချမ်းမြေ့ဧရာအအေးခန်းစက်ရုံကို တည်ဆောက်လျှက် ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစားဖြစ်သော ငါး/ပုဇွန်များအခဲခံ၍ ကုန်ချောထုတ်လုပ်ခြင်း လုပ်ငန်းများကို (၈-၉-၂၀၀၀) နေ့မှစ၍ စီးပွားဖြစ် ငါး/ပုဇွန်ထုတ်လုပ်မှုစတင်နေပြီဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

(တင်အေး)
အုပ်ချုပ်မှုဒါရိုက်တာ(က.ခ)
ဖျာပုံပင်လယ်ကျားပိုက်ကုမ္ပဏီ
ဖျာပုံမြို့။

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၁၅-၃-၂၀၀၀။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန်လျှောက်ထားခြင်း။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်တို့၏ ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာကွင်း အမှတ်-၄၅၂ စီ၊ အုန်းပင်ခုံကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇ နှင့် အင်န်/၃၁ တွင် တည်ရှိသော ဦးကင်အေး ပိုင်ဆိုင်သည့်(၂.၅၉) ဧက အကျယ်အဝန်းရှိသော မြေနေရာကို ငှားရမ်း ၍ ငါး၊ ပုဇွန်အအေးခန်း စက်ရုံတည်ဆောက်ပြီး ငါး၊ ပုဇွန်များ အခဲခံ၍ ကုန်ချောထုတ်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုသို့ အဆိုပြုချက်ကို တင်ပြအပ်ပါသည်။

၂။ ကျွန်တော်တို့၏အဆိုပြုတင်ပြချက်ကို အစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြနိုင်ရန် အဆိုပြုချက် (၂၂)စုံကိုပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

(signature)

ဦးတင်အေး
ဒါရိုက်တာ
ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်

သို့၊

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။

ရက်စွဲ- ၁၄-၂-၂၀၀၀။

အကြောင်းအရာ။ ။မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန်လျှောက်ထားခြင်း။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ ကျွန်တော်တို့၏ ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာကွင်း အမှတ်-၄၅၂ စီ၊ အုန်းပင်ခနိုကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇ နှင့် အင်န်/၃၁ တွင် တည်ရှိသော ဦးတင်အေး ပိုင်ဆိုင်သည့်(၂.၅၉) ဧက အကျယ်အဝန်းရှိသော မြေနေရာကို ငှားရမ်း၍ ငါး၊ ပုဇွန်အအေးခန်း စက်ရုံတည်ဆောက်ပြီး ငါး၊ ပုဇွန်များ အခဲခဲ၍ ကုန်ချောထုတ်လုပ်ရန်အတွက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်ကို တင်ပြအပ်ပါသည်။

၂။ ကျွန်တော်တို့၏ အဆိုပြုတင်ပြချက်အပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပြီးဖြစ်ပါသဖြင့် အထက်အဖွဲ့အစည်းသို့ဆက်လက်တင်ပြနိုင်ရန် အဆိုပြုချက် (၁၆)စုံကို ပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

(signature)

ဦးတင်အေး
ဒါရိုက်တာ
ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၁၀–၂–၂၀၀၀။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန်လျှောက်ထားခြင်း။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်တို့၏ ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာကွင်း အမှတ်–၄၅၂ စီ၊ အုန်းပင်ခနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၅/၁၅ နှင့် အင်န်/၃၁ တွင် တည်ရှိသော ဦးတင်အေး ပိုင်ဆိုင်သည့်(၂.၅၉) ဧက အကျယ်အဝန်းရှိသော မြေနေရာကို ငှားရမ်း ၍ ငါး၊ ပုဇွန်အအေးခန်း စက်ရုံတည်ဆောက်ပြီး ငါး၊ ပုဇွန်များ အခဲခံ၍ ကုန်ချောထုတ်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုသို့ အဆိုပြုချက်ကို တင်ပြအပ်ပါသည်။

၂။ ကျွန်တော်တို့၏အဆိုပြုတင်ပြချက်အပေါ်ကနဦး စိစစ်မှုများပြုလုပ်ပြီးဖြစ်ပါသဖြင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်း အဝေးသို့ တင်ပြနိုင်ရန် အတွက် အဆို ပြုချက် (၁၂)စုံကိုပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဦးတင်အေး
ဒါရိုက်တာ
ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်

သို့၊

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။

ရက်စွဲ – ၂၇.၁၂.၉၉

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့်ခွင့်ပြုမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်း။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်တို့၏ ဖျာပုံ ပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက် သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာကွင်း အမှတ် ၄၅၂ စီ၊ အုန်းပင်ခနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇ နှင့် အင်န်/၃၁ တွင် တည်ရှိသော ဦးတင်အေး ပိုင်ဆိုင်သည့် (၂.၅၉)ဧက အကျယ်အဝန်းရှိသော မြေနေရာကို ငှားရမ်း၍ ငါး၊ ပုဇွန်အအေးခန်း စက်ရုံတည်ဆောက်ပြီး ငါး၊ ပုဇွန်များအခဲခဲ၍ ကုန်ချောထုတ်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်ကို တင်ပြအပ်ပါသည်။

ကျွန်တော်တို့ကုမ္ပဏီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်မူဝါဒများကိုခံယူလျက် အစုရှယ်ယာဝင် ကျားပိုက်လုပ်ငန်းရှင်များ ပိုင်ဆိုင်သည့် စက်လှေ (၉၇) စီးကို ငှါးရမ်းပြီး ဖမ်းဆီးရမိသော ငါး၊ ပုဇွန်ကုန်ကြမ်းများကို အရည်အသွေးမြင့်မားသော ကုန်ချောပစ္စည်းများအဖြစ်ထုတ်လုပ်၍ နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းပြီး ပြည်တွင်းစားသုံးသူများထံသို့လည်း ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

၂။ ကျွန်တော်တို့၏ အဆိုပြုတင်ပြချက်အပေါ် ကနဦးစိစစ်မှုများ ပြုလုပ်နိုင်ရန်အတွက် အဆိုပြုချက် (၄)စုံကို ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

ကျွန်တော်တို့ ကုမ္ပဏီသည် အအေးခန်းလုပ်ငန်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) အရည်အသွေးမြင့်မားသော ငါး၊ ပုဇွန်များ တိုးတက်ထုတ်လုပ်ရေး။
(ခ) နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ တိုးတက်ရေး။
(ဂ) ဒေသအတွင်းနေသော လုပ်သားပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေတိုးတက်ရေး။

လေးစားစွာဖြင့်

ဦးတင်အေး
ဒါရိုက်တာ၊
ဖျာပုံ ပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။

နေ့စွဲ ။ ၂၇ - - ၉၀

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့် ထုတ်ပေးပါရန်နှင့် အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအတွက် လျှောက်ထားခြင်း။

၁။ ကျွန်တော်များကုမ္ပဏီသည် ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာ ကွင်းအမှတ် ၄၅၂ စီ၊ အုန်းပင်ခနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇ နှင့် အင်န်/၃၁ (၂.၅၉ ဧက) တွင် တည်ရှိသည့် မြေတိုင်းရပ်ကွက်၌ ငါး၊ ပုဇွန်များအခဲခံသည့် စက်ရုံတစ်ရုံကို တည်ဆောက်ပြီးဖြစ်ပါသည်။ ပြည်တွင်းတွင် ထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြုလျှက် အရည်အသွေးကောင်းမွန်သည့် ငါး၊ ပုဇွန်များကို အခဲခံ၍ ကုန်ချောအဖြစ်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များ၌ ရောင်းချနိုင်ရန် စီစဉ်လျှက်ရှိပါသည်။ စက်ရုံအတွက်လိုအပ်သော စက်ကရိယာများကိုလည်း ပြည်တွင်း၌ပင် ဝယ်ယူပြီးဖြစ်ပါသည်။ လုပ်ငန်းအတွက်လိုအပ်သည့် အဓိကကုန်ကြမ်းများဖြစ်သော ငါးပုဇွန်များမှာလည်း ကျွန်တော်တို့၏မြို့နယ်တွင် အသင့်ရရှိနိုင်မည်ဖြစ်ပါသည်။ ကုန်ကြမ်းရရှိနိုင်သည့်နေရာနှင့် ကုန်ချောထုတ်လုပ်မည့်နေရာမှာ ဝေးကွာမှုမရှိသဖြင့် ပိုမိုလတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်သည့် ကုန်ချောများကို ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါသည်။ ကျွန်တော်တို့မှာ လုပ်ငန်းလုပ်ကိုင်ရာတွင် အတွေ့အကြုံများစွာမရှိသည့်အတွက် မသိနားမလည်သည်ကတစ်ကြောင်း၊ အဓိကလုပ်ငန်းလုပ်ကိုင်ရမည့် လုပ်ငန်းရာသီမှာ စက်တင်ဘာလမှ ဧပြီလအထိဖြစ်သည့်အတွက် စက်ရုံလုပ်ငန်းပြီးစီးရေးကိုသာ ဦးစားပေးနေရခြင်းတို့ကတစ်ကြောင်းတို့ကြောင့် လုပ်ငန်းစတင်ခြင်းမပြုမီ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဦးစွာတင်ပြနိုင်ခြင်းမရှိခဲ့ပါ။

၂။ ယခုအခါတွင် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ဖော်ပြပါအချက်များကို တင်ပြလျှောက်ထားအပ်ပါသည်။

၃။ ကျွန်တော်တို့၏ ကုမ္ပဏီသည် ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာ ကွင်းအမှတ် ၄၅၂ စီ၊ အုန်းပင်ဂနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇ နှင့် အင်န်/၃၁ (ဧရိယာ ဧက ၂.၅၉) တွင် ငါး၊ ပုဇွန်များကို အခဲခံသည့် အအေးခန်းစက်ရုံတစ်ရုံကို တည်ဆောက်ပြီး ငါး၊ ပုဇွန်များကိုအခဲခံကာ ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် စီစဉ်ပြီးဖြစ်ပါသည်။ အအေးခန်းအတွက် လိုအပ်သည့်စက်ပစ္စည်းများကိုလည်း ပြည်တွင်း၌ပင် ဝယ်ယူတပ်ဆင်ပြီးဖြစ်ပါသည်။

၄။ အဆိုပါလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ မြန်မာကျပ်ငွေ ၅၀၆ သိန်းခန့်ဖြစ်ပါသည်။

၅။ ကုမ္ပဏီအနေဖြင့် အအေးခန်းအတွက် လိုအပ်သော စက်ကရိယာပစ္စည်းတန်ဖိုးကျပ် ၂၈၂ သိန်း ကို ပြည်တွင်း၌ပင် ဝယ်ယူပြီးဖြစ်ပါသည်။

၆။ ကုမ္ပဏီအနေဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း ရေခဲစက်ရုံကို တိုးချဲ့ဆောက်လုပ်ရန်လည်း အစီအစဉ်ရှိပါသည်။ လုပ်ငန်းအသစ် တိုးချဲ့လုပ်ကိုင်သည့်အချိန်တွင် လိုအပ်မည့်စက်ကရိယာစာရင်း အသေးစိတ်ကိုတင်ပြသွားမည်ဖြစ်ပါသည်။ နိုင်ငံခြားမှ တင်သွင်းရန်ရှိပါကလည်း သီးခြားဖော်ပြသွားမည်ဖြစ်ပါသည်။

၇။ ကျွန်တော်တို့၏ ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်သည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့တွင် တည်ထောင်ခဲ့ပြီး ကုမ္ပဏီ၏တည်နေရာမှာ စက်ရုံတည်ရှိသည့် ချောင်းတွင်းကျေးရွာ ကွင်းအမှတ် ၄၅၂ စီ၊ အုန်းပင်ခနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇ နှင့် အင်န်/၃၁ တွင်ပင် ရုံးခန်းဖွင့်လှစ်ထားပါသည်။

၈။ ယခုအဆိုပြုတင်ပြသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအပေါ် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂နှင့် ၁၃ တို့အရ အောက်ဖော်ပြပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြု ပါရန် လျှောက်ထားအပ်ပါသည်။

(၁) စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊

(၂) ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေအပေါ် သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန် သက်သာခွင့်၊

(၃) ထုတ်လုပ်သည့်ပစ္စည်းမှ နိုင်ငံခြားငွေဖြင့် ရရှိသော ဝင်ငွေအပေါ် ကော်မရှင်မှ ကာလ အကန့်အသတ်တစ်ခုပေး၍ ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန်သက်သာခွင့်၊

(၄) အဆိုပါစီးပွားရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံခြားငွေကို ရှာဖွေပေး သည့် လုပ်ငန်းဖြစ်ပါသဖြင့် ဝင်ငွေခွန်သက်သာခွင့်ကို ကော်မရှင်မှ သတ်မှတ်ချက်တစ်ခုခု ဖြင့် သင့်လျော်သောကာလအထိ ခံစားခွင့်၊

(၅) အခဲခံထားသည့် ငါး၊ ပုဇွန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ ကင်းလွတ်ခွင့်၊

၁၀။ ကျွန်တော်တို့၏ ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက် မှ ပြည်တွင်းတွင် ထုတ်လုပ် ရောင်းချသော ထုတ်ကုန်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစား ခွင့်ပြုနိုင်ရေးအတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ တပါတည်းလျှောက်ထားခွင့်ပြုရန် တင်ပြအပ်ပါ သည်။

၁၁၊ သို့ဖြစ်ပါ၍ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြလျှက် လေးစားစွာတင်ပြ လျှောက် ထားအပ်ပါသည်။

(၁) ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်ပုံစံ၊
(၂) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊
(၃) ပုံစံ (၆) (၂၆)

လေးစားစွာဖြင့်၊

ဦးတင်အေး
ဒါရိုက်တာ၊
ဖျာပုံပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်

သို့၊

ဥက္ကဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။

ရက်စွဲ – [illegible]

အကြောင်းအရာ။ ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကတိခံဝန်ချက် ပေးပို့ခြင်း။

အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်တို့၏ ဖျာပုံ ပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက် အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ငါး၊ ပုဇွန် အအေးခန်းစက်ရုံတည်ဆောက်ပြီး ငါး၊ ပုဇွန်များ အခဲခဲ၍ ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းတွင် နိုင်ငံခြားမှမည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်းနှင့် အောက်ပါအချက်များကို သိရှိလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၁။ ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ကြောင်းနှင့် မီးဘေးကြိုတင်ကာကွယ်မှုများပြုလုပ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၂။ ထို့အပြင် မြေငှါးရမ်းခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦးတင်အေး
ဒါရိုက်တာ၊
ဖျာပုံ ပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

သို့၊

ဉက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ -၂၅၊၁၂၊၉၉

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန်အောက်ပါ အချက်များကိုဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏-

(က)	အမည်	ဦးတင်အေး
(ခ)	အဘအမည်	ဦးမောင်ဟန်
(ဂ)	နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်	၁၄/ဖပန (နိုင်) ၀၁၁၃၈၁
(ဃ)	နေရပ်လိပ်စာ	၄၅၊ သီရိတခွန်လမ်း၊ ၁၆ ရပ်ကွက်၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။
(င)	လူမျိုး၊ ဘာသာ	ဗမာ၊ ဗုဒ္ဓ
(စ)	အဖွဲ့အစည်းအမည်	ဖျာပုံ ပင်လယ်ကျားပိုက် ကုမ္ပဏီ လီမိတက်
(ဆ)	လုပ်ငန်းအမျိုးအစား	ငါး၊ ပုဇွန်အခဲခံ၍ ကုန်ချောထုတ်လုပ်ခြင်း
(ဇ)	အဖွဲ့အစည်းတည်ရှိရာအရပ်	ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာကွင်း အမှတ် ၄၅၂ စီ၊ အုန်းပင်ခနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/ ၁၇ နှင့် အင်န်/၃၁

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏-

(က) အမည် (၁) ------------------ (၂) ---------------
------------------ ---------------
------------------ ---------------

(ခ) အဘအမည်(၁) ------------------ (၂) ---------------
------------------ ---------------
------------------ ---------------

(ဂ) နိုင်ငံသား အမျိုးသားမှတ်ပုံတင်အမှတ်
(၁) ---------------- (၂) ----------------

(ဃ) နေရပ်လိပ်စာ(၁) ---------------- (၂) ----------------
---------------- ----------------
---------------- ----------------

(င) လူမျိုး၊ဘာသာ(၁)---------------- (၂) ----------------
---------------- ----------------
---------------- ----------------

(စ) အဖွဲ့အစည်းအမည်– ------------------------------------
(ဆ) လုပ်ငန်းအမျိုးအစား– ------------------------------------

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ်– --------------------------------

(နှစ်ဦး သို့မဟုတ် အဖွဲ့အစည်း ၂ခုထက်ပိုပါကသီးခြားစာရွက်တွင်ဖော်ပြပူးတွဲရန်)

၃။ ရင်းနှီးမြှုပ်နှံမှုပြုလိုသည့် လုပ်ငန်းအမျိုးအစား–

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း ငါး၊ ပုဇွန်များ အခဲခံ၍ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်း

(ခ) ဝန်ဆောင်မှုလုပ်ငန်း
(ကုန်ပစ္စည်းအမည် သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားကို ဖော်ပြရန်)

၄။ လုပ်ကိုင်မည့် စီးပွားရေးပုံစံ–

(က) နိုင်ငံသားနှင့် နိုင်ငံသားတို က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း
---------- ကုမ္ပဏီ လီမိတက်----------------------------

(ခ) အဖွဲ့အစည်းနှင့်နိုင်ငံသားတို က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း
----------မရှိပါ။------------------------------------
(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့ကဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း
----------မရှိပါ။------------------------------------

၅။ ဖွဲ့ စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့ အစည်းပုံသဏ္ဍာန်–

(က) တစ်ဦးတည်းပိုင် ----------------------
(ခ) ဖက်စပ် အစုစပ်လုပ်ငန်း ----------------------

(ဂ) လီမိတက်ကုမ္ပဏီ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ

(ဃ) သမဝါယမအသင်း ------------------------------------

(အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ အများပိုင်ကုမ္ပဏီဟုဖော်ပြ၍ ထည့်ဝင်မည့် မတည်ငွေရင်းအချိုးအစား၊ စီမံခန့်ခွဲသူ စီမံခန့်ခွဲမည့်သူများ၏အမည်၊ နေရပ်လိပ်စာများနှင့်ရာထူးတို့ကို ပူးတွဲတင်ပြရန်) (နောက်ဆက်တွဲ-က)

၆။ ဖက်စပ် အစုစပ်လုပ်ငန်းဖြစ်ပါက-

(က) အစုစပ်တို့ကထည့်ဝင်မည့် အစုငွေအချိုးအစားနှင့်ပမာဏ

(ခ) အကျိုးအမြတ်ခွဲဝေမည့်အချိုးအစား ---------------------------

(ဂ) အစုဝင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ ---------------------------

(နေရာမလုံလောက်ကသီးခြားစာရွက်ဖြင့်ဖော်ပြရန်)။

၇။ သမဝါယမအသင်း/ လီမိတက်ကုမ္ပဏီဖြစ်ပါက-

(က) ခွင့်ပြုမတည်ငွေရင်း ကျပ်သန်း (၁၀၀၀) - (တစ်စုလျှင် ကျပ် ၁၀၀၀၀ -တန်အစုရှယ်ယာ (၁၀၀၀၀၀)စု

(ခ) အစုရှယ်ယာအမျိုးအစား သာမန်အစုရှယ်ယာ

(ဂ) အစုရှယ်ယာဝင်များကထည့်ဝင်မည့်အစုရှယ်ယာပမာဏ ၅၀၅၇၀၀၀၀ ကျပ်

(ကျပ် ၁၀၀၀၀/- တန် အစုရှယ်ယာပေါင်း ၅၀၅၇ စု)

၈။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် အဖွဲ့အစည်းနှင့် သက်ဆိုင်သောအချက်အလက်များ-

(က) မတည်ငွေရင်းပမာဏ(ကျပ်)

(၁)	ငွေပမာဏ (နိုင်ငံခြားမတည်ငွေပါဝင်ပါကသီးခြားဖော်ပြရန်)	၁၀၂၂၀၀၀၀
(၂)	စက်ပစ္စည်းကိရိယာများ တန်ဖိုးပမာဏ (အသေးစိတ်ဇယား-၁)	၂၈၂၀၀၀၀၀
(၃)	အဆောက်အအုံ - စက်ရုံအအေးခန်း ရုံး၊ လုံခြုံရေးကင်း၊ ဝန်းထမ်းအိမ်ယာ	 ၆၀၀၀၀၀၀ ၂၀၀၀၀၀၀
(၄)	ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်း များတန်ဖိုးပမာဏ (အသေးစိတ်ဇယား-၂)	၁၅၀၀၀၀
	စုစုပေါင်း	၅၀၅၇၀၀၀၀ ကျပ်

(ခ)	တည်ဆောက်မှုကာလ	(၆) လ (၂၄-၃-၉၉) မှ (၈-၉-၉၉) ထိ
(ဂ)	ပဏာမစူးစမ်းလေ့လာမှုပြုလုပ်မည့်ကာလ	(၃) လ (၉-၉-၉၉) မှ (၈-၁၀-၉၉) ထိ
(ဃ)	တည်ဆောက်မှုစတင်သည့်အချိန်	(၂၄-၃-၉၉)

၉။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းနှင့်သက်ဆိုင်သောအချက်အလက်များ

(က)	လုပ်ငန်းအမျိုးအစား (ကုန်ထုတ်လုပ်မှု/ ဝန်ဆောင်မှုစသည်ဖြင့်ဖော်ပြရန်)	ငါး၊ ပုဇွန်များအခဲခံ၍ ကုန်ချောထုတ်လုပ်ပြီး ပြည်တွင်း/ ပြည်ပသို့ တင်ပို့ရောင်းချခြင်း
(ခ)	ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသများ	ဦးပိုင်အမှတ် ၃၇/၁၇ နှင့် အင်န်/၃၁၊ ချောင်းတွင်းကျေးရွာကွင်း အမှတ် ၄၅၂ စီ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း၊
(ဂ)	ဆောင်ရွက်ပုံနည်းစနစ်	နိုင်ငံတကာအဆင့်မှီ စက်ကရိယာများဖြင့် ထုတ်လုပ်ခြင်း

(ဃ) နှစ်စဉ်စက်သုံးဆီလိုအပ်ချက်-

	အမျိုးအစား	အရေအတွက်
၁။	ဒီဇယ်	၁၁၈၈၇ ဂါလံ
၂။		
၃။		
၄။		

(င) နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်-

	အားအသုံးပြုမှု	မြင်းကောင်ရေ
၁။	လျှပ်စစ်ဓာတ်အား	230 (KVA) (၂)လုံး
၂။	ဓာတ်ဆီ/ ဒီဇယ်အင်ဂျင်စက်အင်အား	
၃။	ဘွိုင်လာအသုံးပြုအင်ဂျင်စက်အား	----------
၄။	သဘာဝဓာတ်ငွေ့သုံးစက်အား	----------
၅။	ပေးပို့သည့်အခြားအား (ရေအား/ လေအားစသည်များ)	----------

(စ)	နှစ်စဉ်ရေလိုအပ်ချက် (နေ့စဉ်ရေလိုအပ်ချက်ရှိလျှင်ဖော်ပြရန်)	နှစ်စဉ်ပျှမ်းမျှဂါလံ (၁.၈)သန်း
(ဆ)	နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း ကုန်ကြမ်းလိုအပ်ချက်	--------------------

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး (ကျပ်ထောင်ပေါင်း)

၁။ အဓိကကုန်ကြမ်း
(၁) အသေးစိတ်ဇယား - (၄) ဖြင့်ပြပြီး
(၂)
(၃)

၂။ အထောက်အကူကုန်ကြမ်း
(၁) အသေးစိတ်ဇယားဖြင့်ပြပြီး
(၂)

၃။ စက်သုံးဆီ ဓာတ်ငွေ့များ
(၁) စက်သုံးဆီ
(၂)

(ဇ) အဆောက်အအုံလိုအပ်ချက် — ၁၂၀ပေ x ၄၀ပေ စက်ရုံ (၁လုံး)
၆၄ပေ x ၂၃ပေ တန်းလျား(၂လုံး)

(ဈ) မြေနေရာအမျိုးအစားနှင့် အကျယ်အဝန်းလိုအပ်ချက် — ၂.၅၉ဧက

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း ဆောင်ရွက်မည့်ဝန်ဆောင်မှု

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး

(၁) အသေးစိတ်ဇယားဖြင့်ဖော်ပြပြီး ဇယား-၆
(၂)
(၃)

(ဋ) ရောင်းချမည့်နည်းစနစ် — ၄% ပြည်ပသို့တင်ပို့ရောင်းချခြင်း
၉၆% ပြည်တွင်းရောင်းချခြင်း

၁၀။ နှစ်စဉ်ကုန်ထုတ်လုပ်မှု ဝန်ဆောင်မှုနှင့်စပ်လျဉ်းသောအချက်အလက်များ-

	ခန့်မှန်းခြေ	
	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) လုပ်ငန်းလည်ပတ်ရန်လိုအပ်မည့်ကျပ်ငွေ	၁၀၂၂၀၀၀၀	
(ခ) လိုအပ်မည့်နိုင်ငံခြားသုံးငွေ		-
(ဂ) ရရှိမည့်နိုင်ငံခြားသုံးငွေပမာဏ	(ဇယား - ၆)	

(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့်ကုန်ပစ္စည်း (ဇယား - ၆)
ဝန်ဆောင်မှုတန်ဖိုးပမာဏ

(င) နှစ်စဉ်ပြည်တွင်း၌ရောင်းချနိုင်မည့် (ဇယား - ၆)
ကုန်ပစ္စည်း ဝန်ဆောင်မှုတန်ဖိုးပမာဏ

၁၁။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းတွင်လိုအပ်မည့်အမှုထမ်းများစာရင်း–

(က) ပြည်တွင်းမှလိုအပ်မည့်အမှုထမ်းများ–

အမှုထမ်းအမျိုးအစား	ဦးရေ
အသေးစိတ်ဇယား ၅ ဖြင့်ဖော်ပြပြီး	၁၀၆ ဦး

(ခ) နိုင်ငံခြားမှလိုအပ်မည့်ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ–

ကျွမ်းကျင်မှုအမျိုးအစား	ဦးရေ	ခန့်ထားမည့်အချိန်ကာလ

၁၂။ စီးပွားရေးတွက်ခြေကိုက်မှုနှင့် စပ်လျဉ်းသောအချက်အလက်များ–

		ကျပ်ငွေ	နိုင်ငံခြားငွေ
(က)	နှစ်စဉ်ဝင်ငွေရရှိမှု	ဇယား ၇	
(ခ)	နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	ဇယား ၇	
(ဂ)	နှစ်စဉ်အသားတင်အမြတ်	ဇယား ၇	
(ဃ)	နှစ်အလိုက်ရင်းနှီးမြှုပ်နှံမှု	ဇယား ၈	
(င)	အရင်းကျေကာလ	ဇယား ၈	
(စ)	အခြားအကျိုးအမြတ်များ		
(ဆ)	အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမည့် အခြေအနေ။		

၁၃။ ဆောင်ရွက်ရန်အဆိုပြုချက်နှင့် စပ်လျဉ်းသည့်အထောက်အထားများ–
အဆိုပြုတင်ပြသည့်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက်အောက်ဖော်ပြပါ အထောက်အထားများ ကိုပူးတွဲတင်ပြအပ်ပါသည်။

(က) ပင်ရှိညာဉ်စာချုပ်မူကြမ်း (လိုအပ်သည့်ကိစ္စတွင်)

(ခ) လုပ်ငန်းပိုင်နှင့် ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများ

(ဂ) လက်ရှိဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း ဖွဲ့စည်းခြင်းမရှိသေးပါကသင်းဖွဲ့မှတ်တမ်းမူကြမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမူကြမ်း၊

(ဃ) လက်ရှိဖွဲ့စည်းပြီးအဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့် အခြေအနေအထောက်အထားများ။

လက်မှတ်၊	---------------
အမည်၊	ဦးတင်အေး
ရာထူး၊	ဒါရိုက်တာ
	(လျှောက်ထားသူ)

နိုင်ငံသား စိစစ်ရေး ကတ်ပြား



အရပ် —

သွေးအုပ်စု —

ထင်ရှားသည့်

အမှတ်အသား —

အမည် —

မွေးသက္ကရာဇ် —

လူမျိုး —

ကိုးကွယ်သည့်ဘာသာ —

အမှတ် —

ရက်စွဲ —

ထုတ်ပေးသူ၏လက်မှတ်

အမည် —

ရာထူး —



အလုပ်အကိုင် —

နေရပ်လိပ်စာ —

ထိုးမြဲလက်မှတ် —

မှတ်ချက်။ (၁) ခရီးသွားသည့်အခါ တပါတည်း ယူဆောင်သွားရမည်။

(၂) ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီရုံး၊ ပြည်သူ့ရဲစခန်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးရုံး ထံသို့ သတင်းပေးပို့ရမည်။

နောက်ဆက်တွဲ (က)

ဒါရိုက်တာများစာရင်း

စဉ်	အမည်	နေရပ်လိပ်စာ	မှတ်ချက်
၁။	ဦးကျော်ဦး	အမှတ်–၂၀၊ ကမ်းနားလမ်း၊ ရပ်ကွက်–၅၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။	ဒါရိုက်တာ
၂။	ဦးမျိုးဦး (ခ) ဦးကင်ကျော်	အမှတ်–၂၀၊ ကမ်းနားလမ်း၊ ရပ်ကွက်–၅၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။	ဒါရိုက်တာ
၃။	ဦးတင်အေး	အမှတ်–၄၇၊ သီရိတံခွန်လမ်း၊ ရပ်ကွက်–၁၆၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။	ဒါရိုက်တာ
၄။	ဦးထွန်းထွန်းနိုင်	အမှတ်–၄၉၊ ၁ လမ်း၊ ရပ်ကွက်–၄၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။	ဒါရိုက်တာ
၅။	ဦးအောင်နိုင်ဝင်း	အမှတ်–၁၃၊ မဟာဗန္ဓုလလမ်း၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။	ဒါရိုက်တာ
၆။	ဦးအောင်နိုင်ဝင်း	အမှတ်–၆/အေ၊ လသာလမ်း၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။	ဒါရိုက်တာ
၇။	ဦးစိုးလှိုင်	အမှတ်–၃၄၊ ၇ လမ်း၊ ဒုတိယထပ်၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။	ဒါရိုက်တာ
၈။	ဦးမြသိန်း	အမှတ်–၁၅၅၊ အောင်သစ္စာလမ်း၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။	ဒါရိုက်တာ
၉။	ဦးမျိုးမင်းသူ	အမှတ်–၁၀၂၊ ၂ လမ်း၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။	ဒါရိုက်တာ

Phyar Poun Pinle Kyar Pike Co., Ltd.

List of Mechinery

Schedule-1

Sr.No.	Name of Machinery	Unit	Per Unit Cost Ks.	Amount Ks.
1	Mitsubishi Generator	2	4,100,000.00	8,200,000.00
2	Compressor	3		20,000,000.00
	Total			**28,200,000.00**

List of Equipment and Utilities

Schedule-2

Sr.No.	Item	Unit	Per Unit Cost Ks.	Amount Ks.
1	Computer	1	150,000.00	150,000.00
	Total			150,000.00

Depreciation Schedule

Schedule-3

Sr. No.	Particular	Life	Dep:Rate	Original Cost Ks.	Depreciation Ks.
1	Machinery				
	Mitsubishi Generator	20	5%	8,200,000.00	410,000.00
	Compressor	20	5%	20,000,000.00	1,000,000.00
2	Equipment & utilities				
	Computer	5	20%	150,000.00	30,000.00
	Total				1,440,000.00

PURCHASE RAW MATERIAL

Schedule-4

Sr. No.	Item	Unit Price (Kyats)	1st Year (80%)		2nd Year (90%)		3rd Year (100%)		4th Year (100%) To 20th Year (100%)	
			Unit MT	Amount	Unit MT	Amount	Unit MT	Amount	Unit MT	Amount
1	Fish	159120	845	134,456,400	951	151,323,120	1056	168,030,720	1056	168,030,720
2	AMMONIA			230,000		258,750		287,500		287,500
	TOTAL			134,686,400		151,581,870		168,318,220		168,318,220

Labour (Local)

Schedule-5

Sr. No.	Particular	No. of staff	Salary per Mth Kyats	Total Kyats
	Factory Machine Section			
1	Factory Manager	1	15000	180000
2	Assistant Factory Manager	2	10000	240000
3	Chief Engineer	1	9000	108000
4	Senior Engineer	1	8000	96000
5	Assistant Engineer	5	7000	420000
6	Helper	2	5000	120000
7	Caller	3	5000	180000
8	Store Keeper	1	5000	60000
	Purchasing Section			
1	Head	1	6000	72000
2	Labour	10	4000	480000
	Cold Storage			
1	Head	1	7000	84000
2	Labour	22	4000	1056000
3	Tally Clack	2	5000	120000
	Collection Section			
	Head	1	7000	84000
	Labour	32	4000	1536000
	Tally	2	4500	108000
	Weighing Machine Incharge	2	5000	120000
	Security Factory			
	Head	1	5000	60000
	Labour	5	4000	240000
	Administration			
	Accountant	2	7000	168000
	Computer Operater	1	8000	96000
	Clack	5	7000	420000
	House Keeper	1	4500	54000
	House Keeper	1	3000	36000
		105		6138000

PRODUCTION AND SALES SCHEDULE

Schedule-6

Sr. No.	Particulars	1st Year (80%)		2nd Year (90%)		3rd Year (100%)		4th Year (100%) To 20th Year (100%)	
I	**Total Production**	MT	845	MT	951	MT	1056	MT	1056
	Export sale (4%)	MT	34	MT	38	MT	42	MT	42
	Local sale (96%)	MT	811	MT	913	MT	1014	MT	1014
II	**Selling Price**								
	Export sale (4%)	$	500	$	500	$	500	$	500
	Local sale (96%)	K	214200	K	214200	K	214200	K	214200
III	**Total Income**								
	Export sale (4%)	$	17000	$	19000	$	21000	$	21000
	Local sale (96%)	K	173716200	K	195564600	K	217198800	K	217198800
IV	**Total Income**								
	Income in US$	$	17000	$	19000	$	21000	$	21000
	Income in Kyats	K	173716200	K	195564600	K	217198800	K	217198800

ကုမ္ပဏီအနေဖြင့် ငါးတံခွန်၊ ငါးခွေးရှာ၊ ငါးမုတ်၊ ငါးသင်းဝါများကို အဓိကထား၍ ထုတ်လုပ်သွားမည်ဖြစ်ပါသည်။

အထက်ပါ ငါး(၄)မျိုးအနက် ငါးတံခွန်ကို အဓိကထား ထုတ်လုပ်မည်ဖြစ်၍ တွက်ချက်မှုပြုလုပ်ရာ၌ ငါးတံခွန်ကိုအခြေခံထား၍ တွက်ချက်ထားပါသည်။

INCOME & EXPENDITURE ACCOUNT

Schedule-7

Particular	1st Year (80%)			2nd Year(90% Prod)			3rd Year(100% Prod)			4th Year To 20th Year (100% Prod)		
	US$	Kyat	Total	US$	Kyat	Total	US$	Kyat	Total	US$	Kyat	Total
Sales(Export)	17000		102000	19000		114000	21000		126000	21000		126000
(Local in Kyats)		173716200	173716200		195564600	195564600		217198800	217198800		217198800	217198800
Total sales	**17000**	**173716200**	**173818200**	**19000**	**195564600**	**195678600**	**21000**	**217198800**	**217324800**	**21000**	**217198800**	**217324800**
Expenditure	**170**	**165230676**	**167481696**	**190**	**184982065**	**184983205**	**210**	**208116706**	**208117966**	**210**	**208116706**	**208117966**
Raw material		134686400	134686400		151581870	151581870		168318220	168318220		168318220	168318220
Rent		120000	120000		120000	120000		120000	120000		120000	120000
Direct labour		6138000	6138000		6138000	6138000		6138000	6138000		6138000	6138000
Depreciation		1440000	1440000		1440000	1440000		1440000	1440000		1440000	1440000
ctricity		250000	2500000		281250	281250		351563	351563		351563	351563
Factory renovation		300000	300000		337500	337500		421875	421875		421875	421875
Fuel		13372560	13372560		15044130	15044130		18805163	18805163		18805163	18805163
Factory overhead		8750000	8750000		9843750	9843750		12304688	12304688		12304688	12304688
Export & Import Charges	170	173716	174736	190	195565	196705	210	217199	218459	210	217199	218459
Net profit (before tax)	**16830**	**8485524**	**6336504**	**18810**	**10582535**	**10695395**	**20790**	**9082094**	**9206834**	**20790**	**9082094**	**9206834**
Income tax provision										**3119**	**2724628**	**2743339**
Net profit (after tax)	**16830**	**8485524**	**6336504**	**18810**	**10582535**	**10695395**	**20790**	**9082094**	**9206834**	**17672**	**6357466**	**6463495**

Income tax US$ = 15%

Income tax Kyats = 30%

Cash Flow Statement

(Schedule-8)

Kyats

Sr.	Particulars	1st Yr.	2nd Yr.	3rd Yr.	4th Yr.	5th Yr.	6th Yr.	7th Yr.	8th Yr.	9th Yr.	10th Yr.to 20th Yr.
1.	**Cash In Flow**	**7776504**	**12135395**	**10646834**	**7903495**	**7903495**	**7873495**	**7873495**	**7873495**	**7873495**	**7873495**
	i. Profit after tax	6336504	10695395	9206834	6463495	6463495	6463495	6463495	6463495	6463495	6463495
	ii. Depreciation	1440000	1440000	1440000	1440000	1440000	1410000	1410000	1410000	1410000	1410000
2.	**Cash Out Flow**	**50570000**	**0**	**0**	**0**	**0**	**0**	**0**	**0**	**0**	**0**
	i.Investment	50570000									
3.	**Net Cash Flow**	**-42793496**	**12135395**	**10646834**	**7903495**	**7903495**	**7873495**	**7873495**	**7873495**	**7873495**	**7873495**
4.	**Accumulated Ca**	**-42793496**	**-30658101**	**-20011267**	**-12107773**	**-4204278**	**3669217**	**11542711**	**19416206**	**27289700**	**35163195**

Recouptment Period = 5 Years 7 Months

Internal Rate of Return

Schedule-9

YEAR	CF	20% DF	20% DCF	30% DF	30% DCF
1	-42793496	0.8333	-35661247	0.7692	-32918074
2	12135395	0.6944	8427358	0.5917	7180707
3	10646834	0.5787	6161362	0.4552	4846078
4	7903495	0.4823	3811485	0.3501	2767233
5	7903495	0.4019	3176237	0.2693	2128641
6	7873495	0.3349	2636818	0.2072	1631201
7	7873495	0.2791	2197348	0.1594	1254770
8	7873495	0.2326	1831123	0.1226	965208
9	7873495	0.1938	1525936	0.0943	742467
10	7873495	0.1615	1271613	0.0725	571129
11	7873495	0.1346	1059678	0.0558	439330
12	7873495	0.1122	883065	0.0429	337946
13	7873495	0.0935	735887	0.0330	259958
14	7873495	0.0779	613239	0.0254	199968
15	7873495	0.0649	511033	0.0195	153822
16	7873495	0.0541	425861	0.0150	118324
17	7873495	0.0451	354884	0.0116	91019
18	7873495	0.0376	295737	0.0089	70014
19	7873495	0.0313	246447	0.0068	53857
20	7873495	0.0261	205373	0.0053	41429
			709237		-9064973

IRR = 20.70%

Foreign Exchange Savings & Local Kyat Savings

Schedule-9 (A)

Particulars	Unit	1st Year	2nd Year	3rd Year	4th-20th Year
Income in US$	US$	17000	19000	21000	21000
Equivalent in Kyats	Kyats	102000	114000	126000	126000
Income in Kyats	Kyats	173716200	195564600	217198800	217198800
Total income in Kyats	Kyats	173818200	195678600	217324800	217324800
Foreign Exchange Savings					
Income in US$	US$	17000	19000	21000	21000
Expenditures in US$	US$	170	190	210	210
Net Foreign Exahange Savings	US$	16830	18810	20790	20790
Local Kyats Savings					
Income in Kyats	Kyats	173716200	195564600	217198800	217198800
Expensitures in Kyats	Kyats	165230676	184982065	208116706	208116706
Net Kyats Savings	Kyats	8485524	10582535	9082094	9082094

Note : 1US $= Kyat 6

မြေ ငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း)

ဤမြေနှင့် အဆောက်အဦး ငှားရမ်းခြင်းသဘောတူစာချုပ် (နောင်တွင် အငှားစာချုပ်ဟု ခေါ်တွင်စေရမည်)ကို ၁၉၉၉ ခုနှစ်၊ လ၊ ရက်နေ့တွင် ဖျာပုံမြို့အရပ်၌ အောက်ပါအတိုင်း ပြုလုပ်ချုပ်ဆိုကြသည်မှာ- မြေအမည်ပေါက် ပိုင်ဆိုင်သော ဦးတင်အေး (၁၄/ဖပန (နိုင်) ၀၁၁၃၈၁) အမှတ် ၄၈၊ သီရိတခွန်လမ်း ၊၁၆ရပ်ကွက်၊ ဖျာပုံမြို့နယ်၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်း၊ (နောင်တွင် "အငှားချထားသူ")ဟု ခေါ်တွင်စေပြီး၊ ယင်းစကားရပ်တွင် ၎င်းကိုယ်တိုင်နှင့် ၎င်း၏အမွေဆက်ခံသူများ၊ ဥပဒေအရခွင့်ပြုထားသည့် လွှဲအပ်ခြင်းခံရသူနှင့် တရားဝင်ကိုယ်စားလှယ်များ ပါဝင်သည်ဟု မှတ်ယူရမည်) က "အငှားချထားသူ" အဖြစ် တစ်ဘက်-

နှင့်

ဖျာပုံပင်လယ် ကျားပိုက် ကုမ္ပဏီ လီမိတက်၊ ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာကွင်း၊ အမှတ်-၄၅၂/စီ၊ အုန်းပင်ခနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇ နှင့်အင်န်/၃၁ တွင်တည်ရှိသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သည့် မြန်မာကုမ္ပဏီ (နောင်တွင် "အငှားချထားခြင်းခံရသူ") ဟုခေါ်တွင်စေပြီး ယင်းစကားရပ်တွင် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများနှင့် တရားဝင်ကိုယ်စားလှယ်များ ပါဝင်သည်ဟုမှတ်ယူရမည်)၏ကိုယ်စား ဦးမြဦး **(M/OKA-042762)** မန်နေဂျင်းဒါရိုက်တာက "အငှားချထားခြင်းခံရသူ"အဖြစ် အခြားတစ်ဘက်တို့သည် အောက်ပါစည်းကမ်းချက်များကိုသတ်မှတ်၍ နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုကြပါသည်။

၁။ နိဒါန်း

၁-၁ အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့သည် မြေငှားရမ်းခြင်းနှင့် စပ်လျဉ်း၍ အဖိုးစားနားအဖြစ် အောက်ပါသဘောတူညီချက်တို့ကို ပြုလုပ်ကြပါသည်။

၁-၂ ဤသဘောတူညီစာချုပ်အရ အငှားချထားခြင်းခံရသူ ဖျာပုံပင်လယ် ကျားပိုက် ကုမ္ပဏီ လီမိတက်သည် အငှားချထားသူ ဦးတင်အေးပိုင် ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာကွင်း၊ အမှတ်-၄၅၂/စီ၊ အုန်းပင်ခနိကျွန်းကွင်း ဦးပိုင်အမှတ် ၃၇/၁၇ နှင့်အင်န်/၃၁ ဟုခေါ်တွင်သည့် မြေဧရိယာအကျယ်အဝန်း (၂.၅၉)ဧကရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်အရပ် (နောင်တွင်ပစ္စည်းဟု ခေါ်တွင်စေရမည်)ကို ဤသဘောတူ စာချုပ်ပါစည်းကမ်းချက်များအတိုင်း ငါးပုစွန်များအခဲခံ၍ ကုန်ချော ထုတ်လုပ်ရန်အတွက် ငှားရမ်းရန်သဘောတူကြပါသည်။ ယင်းမြေနှင့် ပတ်သက်သော အထောက်အထား မြေပုံများကို နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြထားပါသည်။

၂။ အာမခံချက်နှင့် ကိုယ်စားပြုခြင်း

အငှားချထားသူသည် အငှားချထားသည့်မြေကို တရားဝင်ပိုင်ဆိုင်မှုရှိကြောင်း တာဝန်ယူအာမခံပါသည်။ အငှားချထားခြင်းခံရသူသည် စာချုပ်ကိုအကောင်အထည်ဖော်ရန်ငွေကြေးအင်အားပြည့်စုံသူဖြစ်ပါသည်။ ဤစာချုပ်တွင် လက်မှတ်ရေးထိုးသူ နှစ်ဦးနှစ်ဖက်တို့သည် ဤသဘောတူစာချုပ်ချုပ်ဆိုရန် ဥပဒေအရ လုပ်ပိုင်ခွင့်အာဏာနှင့် ပြည့်စုံသူများဖြစ်ကြောင်း အာမခံပါသည်။

၃။ အငှားချထားခြင်းခံရသူ၏ တာဝန်ဝတ္တရားများ

အငှားချထားခြင်းခံရသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

၃–၁ ငှားရမ်းခပေးချေမှုနှင့် ပတ်သက်၍ ဖော်ပြထားသောနေ့ ရက်များ၊ သတ်မှတ်ချက်များအတိုင်းငှားရမ်းခကို ပေးရမည်။

၃–၂ အငှားချထားသူ၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်မရဘဲ မြေအားလုံး (သို့မဟုတ်) တစ်စိတ်တစ်ဒေသကို ထပ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း မပြုလုပ်ရ။

၃–၃ မြေအားလုံး (သို့မဟုတ်) တစ်စိတ်တစ်ဒေသပေါ်တွင် လုပ်ဆောင်ချက်အားလုံးသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြောင်း အာမခံရမည်။

၃–၄ အငှားချထားခြင်းခံရသူသည် အငှားချထားသည့်မြေနှင့် စပ်လျဉ်း၍ မြေခွန်မှအပ လုပ်ငန်းနှင့်သက်ဆိုင်သော အခြားအခွန်အခများကို ပေးဆောင်ရမည်။

၃–၅ အငှားချထားခြင်းခံရသူသည် စာချုပ်ရပ်စဲသည့်အခါဖြစ်စေ၊ ငှားရမ်းခြင်းကာလ ကုန်ဆုံးသည့်အခါဖြစ်စေ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ပြန်လည်ရယူပိုင်ခွင့်ရှိစေရမည်။

၄။ အငှားချထားသူ၏ တာဝန်ဝတ္တရားများ

အငှားချထားသူ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

